# ပြည်ထောင်စုမြန်မာနိုင်ငံတော်
## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
## ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ
**[နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂၂/ ၉၀]**

**ရန်ကုန်မြို့၊ ၁၃၅၂ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်**

**(၁၉၉၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၆ ရက်)**

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ**ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေ ရမည်-

(က) **စက်မှုလုပ်ငန်း** ဆိုသည်မှာ အားတစ်မျိုးမျိုးကိုအသုံးပြု၍ အဆောက်အအုံတစ်ခုခုတွင် ကုန်ကြမ်း ပစ္စည်းမှ ကုန်ချောပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် အိမ်တွင်းစက်မှု လက်မှုလုပ်ငန်းများမပါဝင်၊

(ခ) **အား** ဆိုသည်မှာ လျှပ်စစ်ဓာတ်အားကို သော်လည်းကောင်း၊ စက်ကိရိယာဖြင့်ဖြစ်ပွားစေသည့်အား သို့မဟုတ် ပေးပို့သည့်အခြားအားတစ်မျိုးမျိုးကိုသော်လည်းကောင်းဆိုသည်၊

(ဂ) **ပုဂ္ဂလိကစက်မှုလုပ်ငန်း** ဆိုသည်မှာ ပုဂ္ဂလိက တစ်ဦးချင်းဖြစ်စေ၊ အစုစပ်ဖြစ်စေ၊ ကုမ္ပဏီ တည် ထောင်၍ဖြစ်စေ စက်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် အစိုးရနှင့်ဖက်စပ်လုပ် ကိုင်သည့် စက်မှုလုပ်ငန်းများ မပါဝင်၊

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ အမှတ်(၁) စက်မှုဝန်ကြီးဌာနကိုဆိုသည်၊

(င) **ဝန်ကြီး** ဆိုသည်မှာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးကိုဆိုသည်၊

(စ) **ဦးစီးဌာန** ဆိုသည်မှာ ဒေသန္တရစက်မှုကြီးကြပ်ရေးနှင့် လုပ်ငန်းစစ်ဆေးမှုညွှန်ကြားရေးဦးစီးဌာန ကို ဆိုသည်၊

(ဆ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ ဦးစီးဌာန၏ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်၊

(ဇ) **ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူး** ဆိုသည်မှာ ဦးစီးဌာန၏ပြည်နယ် သို့မဟုတ် တိုင်းဦးစီး ဌာနမှူးကိုဆိုသည်၊

(ဈ) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို ကြီးကြပ် ခြင်းနှင့် စစ်ဆေးခြင်းပြုသည့်အဖွဲ့ကို ဆိုသည်၊

(ည) **လုပ်ငန်းရှင်**ဆိုသည်မှာ ဤဥပဒေအရ ပုဂ္ဂလိကစက်မှုလုပ်ငန်းလုပ်ကိုင်ရန် မှတ်ပုံတင်ခွင့်ရရှိသူကို ဆိုသည်။ ယင်းစကားရပ်တွင် လုပ်ငန်းရှင်၏အမွေစားအမွေခံ၊ တရားဝင်ကိုယ်စားလှယ်နှင့် တရားဝင် ဆက်ခံသည့် အဖွဲ့အစည်းတို့လည်းပါဝင်သည်။

Myanmar Law Information System (MLIS)

## အခန်း(၂)

## အခြေခံမူများ

၃။ ပုဂ္ဂလိက စက်မှုလုပ်ငန်းများကို အောက်ပါအခြေခံမူများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်-

(က) တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် စက်မှုလက်မှု ကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးပါဝင်မှုအချိုးအစားမြင့်မားတိုးတက်စေရန်နှင့် စက်မှုလုပ်ငန်း နှင့်ဆက်နွှယ်သော စီးပွားရေးလုပ်ငန်းအသီးသီးတွင် ထုတ်လုပ်မှုတိုးတက်စေရန်၊

(ခ) စက်မှုလုပ်ငန်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရေးအတွက် ခေတ်မီနည်းပညာများရရှိစေရန် နှင့် စက်မှုလုပ်ငန်းမှ ထုတ်လုပ်သောကုန်ချောပစ္စည်းများကို ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပ ဈေးကွက်တွင်လည်း အခြေချစေရန်၊

(ဂ) ပြည်တွင်းသယံဇာတပစ္စည်းကို အဓိကအားထား၍ အသုံးပြုစေရန်၊

(ဃ) စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် ကျေးလက်ဒေသနှင့်မြို့ပြဒေသတို့ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကျဉ်းမြောင်းစေရန်၊

(င) အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ပေါ်ပေါက်စေရန်၊

(စ) ပတ်ဝန်းကျင်ညစ်ညမ်းစေသော နည်းပညာအသုံးပြုမှုကိုရှောင်ရှားစေရန် သို့မဟုတ် လျှော့ချစေရန်၊

(ဆ) စွမ်းအင်ကို အသက်သာဆုံးသောနည်းဖြင့် အသုံးပြုစေရန်။

## အခန်း(၃)

## ပုဂ္ဂလိက စက်မှုလုပ်ငန်းများ မှတ်ပုံတင်ခြင်း

၄။ မြင်းကောင်ရေသုံးကောင်အားနှင့်အထက်ရှိသော အားတစ်မျိုးမျိုးကိုအသုံးပြု၍ဖြစ်စေ၊ လုပ်ခစား အလုပ်သမား တစ်ဆယ်ဦးနှင့်အထက်ဖြင့်ဖြစ်စေ-

(က) ပုဂ္ဂလိက စက်မှုလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုသူ၊

(ခ) ဤဥပဒေပြဋ္ဌာန်းသည့်နေ့တွင် ပုဂ္ဂလိကစက်မှုလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်နေသူသည် ဤ ဥပဒေအရ မှတ်ပုံတင်ရမည်။

၅။ ပုဒ်မ ၄ အရ မှတ်ပုံတင်ပေးရန်လျှောက်ထားရာတွင် သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းဦးစီး ဌာနမှူးထံ သတ်မှတ်သည့်နည်းလမ်းအတိုင်း လျှောက်ထားရမည်။

၆။ ပုဒ်မ ၅အရ မှတ်ပုံတင်လျှောက်ထားလာသည့်အခါ သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာန မှူးသည် လိုအပ်သောစိစစ်မှု၊ စစ်ဆေးမှုများပြုလုပ်ပြီး သတ်မှတ်သည့်နည်းလမ်းနှင့်အညီ မှတ်ပုံတင် ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

Myanmar Law Information System (MLIS)

၇။ ဦးစီးဌာနသည် ပုဂ္ဂလိက စက်မှုလုပ်ငန်းများကို သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ အောက် ဖော်ပြပါအတိုင်း အရွယ်အစားခွဲခြားသတ်မှတ်ရမည်-

(က) အငယ်စား ပုဂ္ဂလိက စက်မှုလုပ်ငန်း၊

(ခ) အလတ်စား ပုဂ္ဂလိက စက်မှုလုပ်ငန်း၊

(ဂ) အကြီးစား ပုဂ္ဂလိက စက်မှုလုပ်ငန်း။

၈။ ဦးစီးဌာနသည် ပုဂ္ဂလိက စက်မှုလုပ်ငန်း အရွယ်အစားအလိုက် မှတ်ပုံတင်ကြေးနှင့်မှတ်ပုံတင်သက် တမ်းတို့ကို သတ်မှတ်ပေးရမည်။

## အခန်း(၄)

## ပုဂ္ဂလိကစက်မှုလုပ်ငန်း ညှိနှိုင်းရေးအဖွဲ့ ဖွဲ့စည်းခြင်း

၉။ ဝန်ကြီးဌာနသည် ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောညှိနှိုင်းမှုများ ကို ဆောင်ရွက်ပေးနိုင်ရန် ဦးစီးဌာနနှင့်သက်ဆိုင်ရာအခြားဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများပါဝင်သော ပုဂ္ဂိုလ်များဖြင့် ပုဂ္ဂလိက စက်မှုလုပ်ငန်းညှိနှိုင်းရေးအဖွဲ့တစ်ရပ်ကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဖွဲ့စည်းပေးရမည်။ ထို့ပြင် ယင်းအဖွဲ့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကိုလည်း သတ်မှတ်ပေးရမည်။

## အခန်း(၅)

## ကြီးကြပ်ရေးအဖွဲ့နှင့် ယင်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၀။ ဝန်ကြီးဌာနသည် ပြည်နယ်နှင့်တိုင်းများတွင် ကြီးကြပ်ရေးအဖွဲ့များကို သင့်လျော်သော ပုဂ္ဂိုလ်များ ဖြင့် ဖွဲ့စည်းရမည်။

၁၁။ ကြီးကြပ်ရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပြဋ္ဌာန်းသည့်နေ့တွင် လုပ်ကိုင်လျက်ရှိသော ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို စစ်ဆေးခြင်း၊ မှတ်ပုံတင်ပေးရန် ထောက်ခံချက်ပေးခြင်း သို့မဟုတ် ထောက်ခံချက်ပေးရန်ငြင်းပယ်ခြင်း၊ ပြောင်းရွှေ့စေ ခြင်း၊ ရပ်ဆိုင်းစေခြင်း သို့မဟုတ် ပိတ်သိမ်းစေခြင်းအတွက် သဘောထားမှတ်ချက်ပေးခြင်း၊

(ခ) ပုဂ္ဂလိက စက်မှုလုပ်ငန်းအသစ်များ မှတ်ပုံတင်ပေးရန် လျှောက်ထားလာသောကိစ္စများကို စစ်ဆေး ခြင်း၊ မှတ်ပုံတင်ပေးရန် ထောက်ခံချက်ပေးခြင်း သို့မဟုတ် ထောက်ခံချက်ပေးရန် ငြင်းပယ်ခြင်း၊

(ဂ) ပုဂ္ဂလိကစက်မှုလုပ်ငန်းများ မှတ်ပုံတင်ပေးရန်ထောက်ခံချက်ပေးရာတွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရမည်-

(၁) ပုဂ္ဂလိကစက်မှုလုပ်ငန်း၏ ပတ်ဝန်းကျင်တွင်နေထိုင်လျက်ရှိသော ပြည်သူများ၏ကျန်းမာရေးကို ထိခိုက်စေနိုင်မှုမရှိခြင်း၊

(၂) မီးဘေးအန္တရာယ် ကင်းရှင်းခြင်း၊

Myanmar Law Information System (MLIS)

(၃) ပတ်ဝန်းကျင်အား အနှောင့်အယှက်မဖြစ်ခြင်းနှင့်ညစ်ညမ်းမှုမရှိခြင်း၊

(၄) ပုဂ္ဂလိကစက်မှုလုပ်ငန်းမှ အလုပ်သမားများ၏ကျန်းမာရေးကို ထိခိုက်စေနိုင်မှုမရှိသည့်အပြင် အန္တရာယ်ကျရောက်နိုင်မှုလည်း မရှိခြင်း၊

(၅) တည်ဆဲဥပဒေများကိုလည်း လိုက်နာဆောင်ရွက်မှုရှိခြင်း၊

(ဃ) စက်မှုလုပ်ငန်းများကို အခြေခံမူများနှင့်အညီ လုပ်ငန်းရှင်များက လိုက်နာဆောင်ရွက်မှု ရှိစေရေး အတွက် ကြီးကြပ်ကွပ်ကဲခြင်း၊

(င) ပုဂ္ဂလိကစက်မှုလုပ်ငန်းတစ်ခုခုသည် တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်ညီညွတ်မှုမရှိကြောင်း စစ်ဆေး တွေ့ရှိလျှင် ယင်းလုပ်ငန်း၏လုပ်ငန်းရှင်ကိုအရေးယူနိုင်ရန် သက်ဆိုင်ရာအစိုးရဌာနသို့ အကြောင်းကြား ခြင်း၊

(စ) ပုဂ္ဂလိကစက်မှုလုပ်ငန်းများအတွက် စက်မှုနယ်မြေများသတ်မှတ်ခြင်းနှင့် မြေအငှားချထားခြင်းတို့ ကို ပြုလုပ်နိုင်ရန် သဘောထားမှတ်ချက်ပေးခြင်း၊

(ဆ) လုပ်ငန်းရှင်များအား စက်မှုနယ်မြေကို မြေအငှားချထားရာတွင် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်စေခြင်း၊

(ဇ) ဝန်ကြီးဌာနကဖြစ်စေ၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းညှိနှိုင်းရေးအဖွဲ့ကဖြစ်စေ ပေးအပ်သည့်တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ခြင်း။

၁၂။ ကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၁၁ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) အရ မှတ်ပုံတင်ပေးရန် ထောက် ခံချက်ပေးခြင်း၊ ထောက်ခံချက်ပေးရန် ငြင်းပယ်ခြင်းတို့နှင့် စပ်လျဉ်းသည့် သဘောထားမှတ်ချက်တို့ကို ပြည်နယ်သို့မဟုတ် တိုင်းဦးစီးဌာနမှူးများမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်။

## အခန်း(၆)

## လုပ်ငန်းရှင်၏တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၁၃။ လုပ်ငန်းရှင်၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဦးစီးဌာနက သတ်မှတ်ထားသောမှတ်ပုံတင်ကြေး၊ မှတ်ပုံတင်အသစ်လဲလှယ်ကြေးနှင့်အခြားပေး ဆောင်ရန်ရှိသော အခွန်အခများကို ပေးဆောင်ရမည်၊

(ခ) မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်၊

(ဂ) မှတ်ပုံတင်ထားသော မိမိလုပ်ငန်းအမည်ဖြင့် သက်ဆိုင်ရာဘဏ်တွင် ငွေစာရင်းဖွင့်လှစ်၍ လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရမည်၊

(ဃ) မှတ်ပုံတင်ထားသော ပုဂ္ဂလိကစက်မှုလုပ်ငန်းနှင့် သက်ဆိုင်သည့် စာရင်းဇယားများကို ဦးစီးဌာန ကသတ်မှတ်သည့်အတိုင်း စနစ်တကျပြည့်စုံစွာထားရှိ၍ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ကြီးကြပ်ရေးအဖွဲ့က တောင်းခံလာပါက တင်ပြရမည်၊

(င) ဦးစီးဌာန သို့မဟုတ် ကြီးကြပ်ရေးအဖွဲ့က တာဝန်ပေးအပ်သောပုဂ္ဂိုလ် သို့မဟုတ် စစ်ဆေးရေးအဖွဲ့ က လာရောက်စစ်ဆေးလျှင် စစ်ဆေးခြင်းကို ခံယူရမည်၊



Myanmar Law Information System (MLIS)

(စ) လုပ်ငန်းတည်နေရာ ပြောင်းရွှေ့ခြင်း၊ လုပ်ငန်းအမျိုးအမည်ပြောင်းလဲခြင်း၊ လုပ်ငန်းအချင်းချင်း ပေါင်းစပ်ခြင်းနှင့် လုပ်ငန်းခွဲခြမ်းစိတ်ဖြာခြင်းတို့ကို ဦးစီးဌာန၏ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ရမည်၊

(ဆ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့က အခါအားလျော်စွာထုတ်ပြန်သောအမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ဇ) တည်ဆဲဥပဒေများကိုလည်း လိုက်နာရမည်။

၁၄။ လုပ်ငန်းရှင်သည် သက်ဆိုင်ရာအစိုးရဌာနနှင့်အစိုးရအဖွဲ့အစည်းများထံမှ အောက်ပါလိုအပ်ချက် များကို လျှောက်ထားနိုင်ခွင့်ရှိသည်-

(က) မိမိလုပ်ငန်းများအတွက် အသုံးပြုရန် လိုအပ်သောမြေ၊ ရေ၊ အား၊ ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးစသည်များ၊

(ခ) အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ၊

(ဂ) ပုံသေငွေရင်းနှင့် လည့်ပတ်ငွေရင်းအတွက် ချေးငွေများ၊

(ဃ) မိမိလုပ်ငန်းအတွက် လိုအပ်သည့် ပြည်တွင်း ပြည်ပ ကုန်ကြမ်း၊ စက်နှင့် စက်အရန်ပစ္စည်းများ၊

(င) ကုန်ပစ္စည်း ပိုမိုထုတ်လုပ်ရေးနှင့် ထုတ်ကုန်ပစ္စည်းများအရည်အသွေး ပိုမိုကောင်းမွန်ရေးအတွက် ပြည်တွင်းပြည်ပနည်းပညာများ။

၁၅။ လုပ်ငန်းရှင်သည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ခွင့်ရှိသည်-

(က) ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် နိုင်ငံခြားမှကျွမ်းကျင်သူများနှင့်အတတ်ပညာရှင်များကို ခန့်ထား ခြင်း၊

(ခ) လုပ်ငန်းအမည်ပြောင်းခြင်း၊ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်း၊ လုပ်ငန်းခေတ္တရပ်ဆိုင်းခြင်း သို့မဟုတ် အမြဲ တမ်း ပိတ်ခြင်းတို့ကို သတ်မှတ်သည့်နည်းလမ်းအတိုင်းဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း။

## အခန်း(၇)

## ညွှန်ကြားရေးမှူးချုပ်၏ လုပ်ပိုင်ခွင့်များ

၁၆။ ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါကိစ္စများနှင့်စပ်လျဉ်း၍ လုပ်ငန်းရှင်များက ခံစားခွင့်ရရှိစေ ရန် ပုဂ္ဂလိကစက်မှုလုပ်ငန်း ညှိနှိုင်းရေးအဖွဲ့ထံတင်ပြ၍ ဆောင်ရွက်ရမည်-

(က) လုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော မြေ၊ ရေ၊ အား၊ ဆက်သွယ်ရေးနှင့်သယ်ယူပို့ဆောင်ရေး စသည်များ၊

(ခ) အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ၊

(ဂ) ပုံသေငွေရင်းနှင့် လည့်ပတ်ငွေရင်းအတွက် ချေးငွေများ၊

(ဃ) လုပ်ငန်းအတွက်လိုအပ်သည့် ပြည်တွင်းပြည်ပကုန်ကြမ်း၊ စက်နှင့်စက်အရန်ပစ္စည်းများ၊

(င) ကုန်ပစ္စည်းပိုမိုထုတ်လုပ်ရေးနှင့် ထုတ်ကုန်ပစ္စည်းများအရည်အသွေးပိုမိုကောင်းမွန်ရေးအတွက် ပြည်တွင်းပြည်ပ နည်းပညာများ၊

(စ) ပြည်တွင်းပြည်ပ ဈေးကွက်များရရှိစေရန်၊

(ဆ) စက်မှုနယ်မြေများရရှိစေရန်နှင့် စက်မှုလုပ်ငန်းများအတွက် မြေအငှားရရှိစေရန်။

Myanmar Law Information System (MLIS)

၁၇။ ညွှန်ကြားရေးမှူးချုပ်သည် သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးက တင်ပြလာသော မှတ်ပုံတင်ရန် လျှောက်လွှာများကိုခွင့်ပြု မပြု အကြောင်းပြန်ကြားရမည်။

၁၈။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏ညွှန်ကြားချက်အရဖြစ်စေ၊ ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် ပြည်နယ်၊ တိုင်းဦးစီးဌာနမှူး၏တင်ပြချက်အရဖြစ်စေ ထုတ်ပေးထားသောမှတ်ပုံတင်များကိုဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

## အခန်း(၈)

## ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၉။ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ် သည်-

(က) ပုဂ္ဂလိကစက်မှုလုပ်ငန်း မှတ်ပုံတင်ရန် လျှောက်ထားလာသည့်လျှောက်လွှာများကို စိစစ်ခြင်း၊ ကြီးကြပ်ရေးအဖွဲ့၏ သဘောထားမှတ်ချက်နှင့်အတူ ညွှန်ကြားရေးမှူးချုပ်ထံ ဆက်လက်တင်ပြခြင်း၊

(ခ) ညွှန်ကြားရေးမှူးချုပ်၏ညွှန်ကြားချက်နှင့်အညီ မှတ်ပုံတင်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဂ) ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို ဦးစီးဌာန၏လိုအပ်ချက်အရဖြစ်စေ၊ ကြီးကြပ်ရေးအဖွဲ့၏ သဘောထားမှတ်ချက်အရဖြစ်စေ ကွင်းဆင်းစစ်ဆေးခြင်း၊

(ဃ) မှတ်ပုံတင်ကြေးနှင့်မှတ်ပုံတင် အသစ်လဲလှယ်ကြေးတို့ကို ကောက်ခံခြင်းနှင့်ဘဏ္ဍာသို့ ပေးသွင်း ခြင်း၊

(င) ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ကြီးကြပ်ရေးအဖွဲ့၏ သဘောထားမှတ်ချက်နှင့်အညီ စက်မှုနယ်မြေများရရှိရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ လယ်ယာမြေဖြစ်ပါက ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၃၉ အရ ခွင့်ပြုချက်ရရှိရန် လျှောက်ထား ခြင်း၊

(စ) ဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပေးအပ်သည့်တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက် ခြင်း။

## အခန်း(၉)

## မှတ်ပုံတင်ပျက်ပြယ်ခြင်း

၂၀။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ မှတ်ပုံတင်ပျက်ပြယ်သည်-

(က) သက်တမ်းကုန်ဆုံးခြင်း၊

(ခ) ပယ်ဖျက်ခံရခြင်း၊

(ဂ) လုပ်ငန်းရှင်က မှတ်ပုံတင်လက်မှတ်ကို ပြန်လည်အပ်နှံခြင်း၊

(ဃ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လုပ်ငန်းရပ်စဲခံရခြင်း။

## အခန်း(၁၀)

## အယူခံခြင်း

၂၁။ ပုဂ္ဂလိကစက်မှုလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် လုပ်ငန်းရှင်တစ်ဦးဦးသည်-

(က) ညွှန်ကြားရေးမှူးချုပ်၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်၊

(ခ) ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း(၁၁)

## ဝန်ကြီး၏ လုပ်ပိုင်ခွင့်များ

၂၂။ ဝန်ကြီးသည် ပုဂ္ဂလိကစက်မှုလုပ်ငန်းနှင့်စပ်လျဉ်း၍ မိမိသဘောအလျောက် အောက်ပါအမိန့်များကို ချမှတ်နိုင်သည်-

(က) မှတ်ပုံတင်ပေးခြင်း၊

(ခ) နိုင်ငံတော်၏အကျိုးငှာ လိုအပ်လျှင် ဦးစီးဌာနက ထုတ်ပေးထားသောမှတ်ပုံတင်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ ပြန်လည်လျှောက်ထားလာပါက စိစစ်၍ခွင့်ပြုခြင်း။

၂၃။ ဝန်ကြီးသည်-

(က) စက်မှုလုပ်ငန်း တစ်ရပ်ရပ်ကို ပုဂ္ဂလိကစက်မှုလုပ်ငန်းအဖြစ် သတ်မှတ်နိုင်သည်၊

(ခ) ပုဂ္ဂလိကစက်မှုလုပ်ငန်း ဟုတ် မဟုတ်နှင့်စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာလျှင် အဆုံး အဖြတ်ပေးရမည်။

၂၄။ ပုဒ်မ ၂၃ ပုဒ်မခွဲ (ခ) အရ ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၂၅။ ဝန်ကြီးသည် အောက်ပါကိစ္စများနှင့်စပ်လျဉ်း၍ အဆောက်အအုံ၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကိုဖယ်ရှားစေရန် သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူး အား ညွှန်ကြားနိုင်သည်-

(က) မှတ်ပုံတင်မရရှိဘဲ ပုဂ္ဂလိကစက်မှုလုပ်ငန်း လုပ်ကိုင်သူသည် ဤဥပဒေအရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရပြီးနောက် ယင်းလုပ်ငန်းကို ဆက်လက်၍လုပ်ကိုင်နေခြင်း၊

(ခ) စက်မှုနယ်မြေတစ်ခုခုတွင် မြေအငှားချထားခြင်းခံရသူလုပ်ငန်းရှင်သည် ဦးစီးဌာနက သတ်မှတ် သည့် စည်းကမ်းချက် တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ခြင်း။

## အခန်း(၁၂)

## တားမြစ်ချက်များ

၂၆။ မည်သူမျှ ပုဒ်မ ၄ ပါ ပုဂ္ဂလိက စက်မှုလုပ်ငန်းကို ဤဥပဒေအရ မှတ်ပုံတင်မရရှိဘဲ လုပ်ကိုင် ခြင်းမပြုရ။

၂၇။ လုပ်ငန်းရှင်သည်-

(က) မိမိထုတ်လုပ်သော ကုန်ပစ္စည်းကို ဖြန့်ဖြူးရောင်းချရာတွင် ကုန်အမှတ်တံဆိပ်မပါဘဲ ရောင်းချ ခြင်း မပြုလုပ်ရ၊

(ခ) ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုလုပ်ရ၊

(ဂ) ဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ခြင်းမရှိစေရ။

Myanmar Law Information System (MLIS)

## အခန်း(၁၃)

## ပြစ်မှုနှင့် ပြစ်ဒဏ်

၂၈။ မည်သူမဆို ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရ လျှင် ထိုသူသည်-

(က) အငယ်စား ပုဂ္ဂလိကစက်မှုလုပ်ငန်းကို လုပ်ကိုင်ခြင်းဖြစ်လျှင် ငွေဒဏ်အနည်းဆုံးကျပ် ၅၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀ အထိ ချမှတ်ခြင်းခံရမည်၊

(ခ) အလတ်စား ပုဂ္ဂလိကစက်မှုလုပ်ငန်းကို လုပ်ကိုင်ခြင်းဖြစ်လျှင် ငွေဒဏ်အနည်းဆုံးကျပ် ၁၀၀၀၀ မှ အများဆုံး ကျပ် ၂၀၀၀၀ အထိ ချမှတ်ခြင်းခံရမည်၊

(ဂ) အကြီးစား ပုဂ္ဂလိကစက်မှုလုပ်ငန်းကို လုပ်ကိုင်ခြင်းဖြစ်လျှင် ငွေဒဏ်အနည်းဆုံးကျပ် ၂၀၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိ ချမှတ်ခြင်းခံရမည်။

၂၉။ ပုဒ်မ ၂၈ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယင်းပြစ်မှုကို ဆက်လက်ကျူးလွန်ပါက ဆက်လက်ကျူးလွန်သည့်ပြစ်မှုအတွက် တစ်ရက်လျှင် အောက်ပါငွေဒဏ်နှုန်းဖြင့် ကျူးလွန်သမျှကာလအထိ တပ်ရိုက်ခြင်းခံရမည်-

(က) အငယ်စား ပုဂ္ဂလိက စက်မှုလုပ်ငန်းဖြစ်လျှင် ကျပ် ၁၀၀ နှုန်း၊

(ခ) အလတ်စား ပုဂ္ဂလိက စက်မှုလုပ်ငန်းဖြစ်လျှင် ကျပ် ၁၅၀ နှုန်း၊

(ဂ) အကြီးစား ပုဂ္ဂလိက စက်မှုလုပ်ငန်းဖြစ်လျှင် ကျပ် ၂၀၀ နှုန်း။

၃၀။ ညွှန်ကြားရေးမှူးချုပ်သည် လုပ်ငန်းရှင်က ပုဒ်မ ၂၇ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကြောင်းတွေ့ရှိလျှင် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးပေးဆောင်စေခြင်း၊

(ဂ) မှတ်ပုံတင်ကို နှစ်အကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

## အခန်း(၁၄)

## အထွေထွေ

၃၁။ သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးစီးဌာနမှူးသည် ဤဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာပြည်သူ့ရဲတပ်ဖွဲ့ထံမှ အကူအညီကို တောင်းခံရယူနိုင်သည်။

၃၂။ ပုဒ်မ ၃၀ အရ တပ်ရိုက်သည့်ဒဏ်ကြေးကို သက်ဆိုင်ရာလုပ်ငန်းရှင်ကပေးဆောင်ရန် ပျက်ကွက် လျှင် သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးစီးဌာနမှူးသည် ယင်းဒဏ်ကြေးကို မြေခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၃၃။ ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သော ကိစ္စအတွက် ကြီးကြပ်ရေးအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဦး ကိုဖြစ်စေ၊ ပြည်သူ့ဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်း ဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၃၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကိုဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနသည်-

(က) လိုအပ်သောလုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) လိုအပ်သောအမိန့်၊ ညွှန်ကြားချက်တို့ကို ထုတ်ပြန်နိုင်သည်။

(ပုံ)စောမောင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

Myanmar Law Information System (MLIS)